# Austin မူလတန်းကျောင်းမှ Sarv Dharavane သည် Scripps National Spelling Bee နိုင်ငံတော်အဆင့် စာလုံးပေါင်းသတ်ပုံပြိုင်ပွဲ၌ အဆုံးသတ် တတိယနေရာကို ရယူကာ အောင်မြင်စွာ တောက်ပခဲ့

DeKalb ကောင်တီကျောင်းခရိုင် (DCSD) အနေနှင့် Austin မူလတန်းကျောင်းမှ ပဥ္စမတန်းကျောင်းသားဖြစ်သည့် Sarv Dharavane မှ ဂုဏ်သရေရှိလှသော Scripps National Spelling Bee Championships နိုင်ငံတော်အဆင့် စာလုံးပေါင်းသတ်ပုံ ချန်ပီယံပြိုင်ပွဲ၌ မယုံနိုင်လောက်အောင်ပင် တတိယနေရာအား အဆုံးသတ် ရယူနိုင်ခဲ့သည့်အတွက်ကြောင့်ဂှာ ၎င်းအား ဂုဏ်ပြုရင်းဖြင့် ဂုဏ်ယူမဆုံး ဖြစ်ရလျက် ရှိပေသည်။

အသက် 11 နှစ်သာ ရှိသေးသည့် Sarv သည် ပြင်းထန်လှသော ပြိုင်ပွဲတွင် 19 လှည့်အထိ တစ်လှည့်ပြီးတစ်လှည့် အကြိတ်အနယ် စာလုံးပေါင်း ယှဉ်ပြိုင်ရင်းဖြင့် "eserine" ဟူသည့် စာလုံးအရောက်တွင် ၎င်း၏ ယှဉ်ပြိုင်မှုအား အဆုံးသတ်ကာ လူတိုင်းကို အံ့သြမှင်သက်သွားစေခဲ့သည်။ သို့သော်လည်း ၎င်းသည် လက်ချီးဗလာဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း မဟုတ်ပေ—Sarv သည် ငွေသားဆုနှင့်အတူ ကျွန်ုပ်တို့ ရပ်ရွာအဖွဲ့အစည်း တစ်ရပ်လုံး၏ အထင်ကြီးလေးစားမှုကို သိမ်းပိုက်နိုင်ခဲ့လေသည်။

စင်စစ် ဤသည်မှာ နိုင်ငံတော်အဆင့် ပြိုင်ပွဲ၌ Sarv ၏ ၂ နှစ်ဆက်တိုက် ဒုတိယအကြိမ်မြောက် ယှဉ်ပြိုင်မှု ဖြစ်သည်။ ပြီးခဲ့သည့်နှစ်၌မူ အဆင့် 22 တွင် သရေဖြင့် အဆုံးသတ်ခဲ့ပြီးသည့်နောက် ဤနှစ်တွင်မူ ပိုမိုသန်မာစွာဖြင့် ပြန်လည်ရောက်ရှိလာကာ ကြိုးစားအားထုတ်မှုနှင့် လုံ့လဝီရိယသည် အကျိုးထိုက်တန်မှုရှိကြောင်း သက်သေပြသခဲ့ခြင်းဟု ဆိုရပေမည်။ ၎င်းသည် ဤနှစ် အစောပိုင်းတွင် Georgia ပညာရေးအစည်းအရုံး၏ ပြည်နယ်အဆင့် စာလုံးပေါင်းသတ်ပုံ ချန်ပီယံပြိုင်ပွဲတွင် ၂ နှစ်ဆက်တိုက် ဆုသိမ်းပိုက်ခဲ့သည်။

97 ကြိမ်မြောက် Scripps National Spelling Bee နိုင်ငံတော်အဆင့် စာလုံးပေါင်းသတ်ပုံ ပြိုင်ပွဲအား National Harbor ၊ Maryland တွင် ကျင်းပခဲ့ခြင်း ဖြစ်ပြီး၊ နိုင်ငံတစ်ဝှမ်းမှ စာလုံးပေါင်းသတ်ပုံကျွမ်းကျင်သူ ထိပ်တန်း ကျောင်းသား 242 ဦး ပါဝင်၍ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြကာ— Sarv မှာမူ ထိပ်ပိုင်းနေရာအထိ တက်ရောက်သွားနိုင်ခဲ့ပေသည်။

Sarv ကို ဂုဏ်ပြုလိုက်ပါသည်။ သင့်ကြောင့် Austin မူလတန်းကျောင်း၊ DCSD နှင့် Georgia ပြည်နယ်သားများ ဂုဏ်တက်ခဲ့ရပေသည်။